# အင်းများ၏ ကွဲပြားခြားနားမှုကို လေ့လာဆန်းစစ်ချက်



## နိဒါန်း

“အင်း” ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍတွင် ရိုးရှင်းသော ရေကန်တစ်ခုမျှသာ မဟုတ်ဘဲ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု၊ ကျေးလက်ဒေသ စီးပွားရေး၊ လူမှုဘဝယဉ်ကျေးမှုတို့နှင့် နက်ရှိုင်းစွာ ဆက်စပ်နေသော ပင်မအသက်သွေးကြောတစ်ခု ဖြစ်သည်။ မြစ်၊ ချောင်းနှင့် အင်းအိုင်များမှ သဘာဝအတိုင်း ဖြစ်ပေါ်လာသော အင်းများသည် ကုန်းတွင်းရေချိုငါးထုတ်လုပ်မှု၏ အဓိက အရင်းအမြစ်များလည်းဖြစ်သည်။

ဧရာဝတီ၊ စစ်တောင်းနှင့်  ချင်းတွင်းမြစ်ဝှမ်း လွင်ပြင်ဒေသများတွင် တွေ့ရှိရသော ရေလွှမ်းလွင်ပြင်အင်းများသည် မိုးရာသီ၌ မြစ်ရေဝင်ရောက်ပြီး သဘာဝအတိုင်း ငါးများ ဝင်ရောက်မျိုးပွားရာ နေရာများဖြစ်ကာ ရေကျချိန်တွင် ၎င်းငါးများကို ဖမ်းဆီးခြင်းဖြင့် ရာသီအလိုက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများစွာကို ဖန်တီးပေးလျက်ရှိသည်။ အင်းလုပ်ငန်းသည် နိုင်ငံအတွက် အဖိုးတန် ပရိုတင်းဓာတ် အရင်းအမြစ်ဖြစ်သော ရေချိုငါးများကို ထောက်ပံ့ပေးရုံသာမက ရေလုပ်ငန်းလုပ်ကိုင်သူများ အပါအဝင် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်နှင့် ငါးပိရေကျိုလုပ်ငန်းများအတွက်လည်း အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလျက်ရှိသည်။

အင်းများကိုအမျိုးအစားခွဲရာတွင် အစိုးရမှ နှစ်စဉ်လေလံချသည့် "အငှားချအင်း"၊ နှစ်ရှည်လုပ်ကိုင်ခွင့်ပြုထားသည့် "ကြေးတိုင်အင်း" နှင့် အများပြည်သူလိုင်စင်ဖြင့် ငါးဖမ်းဆီးနိုင်သည့် "ဘုံငါးဖမ်းကွင်း" စသည်ဖြင့် ခွဲခြားထားသည်။ စီမံခန့်ခွဲမှုပုံစံအရ အဆိုပါလုပ်ငန်းစနစ်သည် ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှု၊ မူဝါဒဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် နိုင်ငံ့စီးပွားရေးအတွက် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍတစ်ခုဖြင့် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။





ယခုလေ့လာဆန်းစစ်ချက်သည် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ငဝန်မြစ်ဝှမ်းဒေသ၊ အင်္ဂပူ၊ လေးမျက်နှာ၊ ပန်းတနော်၊ ဇလွန် နှင့် ဓနုဖြူမြို့နယ်များရှိ အင်းလုပ်ငန်းများ၏ လက်ရှိအခြေအနေ၊ လုပ်ငန်းလည်ပတ်မှုပုံစံ၊ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အနာဂတ် ရေရှည်တည်တံ့ရေးအတွက် အရေးပါသော အကြောင်းအရာများကို ဘက်ပေါင်းစုံမှ သုံးသပ်တင်ပြထားခြင်းဖြစ်သည်။

အဆိုပါသုံးသပ်ချက်သည် အင်းအမျိုးအစားခွဲခြားထားမှု၊ ငါးဖမ်းဆီးမှုပုံစံ၊ ဂေဟစနစ်အခြေအနေ၊ စီမံခန့်ခွဲမှုနှင့် မူဝါဒပိုင်းဆိုင်ရာ အားနည်းချက်များကို အသေးစိတ်လေ့လာဆန်းစစ်ထားပြီး ဒေသခံရေလုပ်ငန်းရှင်များထံမှ စုဆောင်းထားသော အချက်အလက်မှတ်တမ်းများနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရယူထားပါသည်။

## ၁။ အခြေခံအင်းအမျိုးအစားခွဲခြားမှု



ငဝန်မြစ်ဝှမ်းဒေသတွင် စီမံခန့်ခွဲမှုပုံစံ၊ ငါးဖမ်းနည်းစနစ်များ၊ ရေမြေအနေအထား၊ လုပ်ငန်းလည်ပတ်မှု၏ကွဲပြားခြားနားခြင်းတို့အပေါ်မူတည်၍ အင်းများကို အမျိုးအစား ခွဲခြားထားကြောင်း တွေ့ရသည်။ ၎င်းဒေသရှိ အင်းလုပ်ငန်းများသည် ရိုးရိုးရေပြင်ငါးဖမ်းခြင်းမျှသာမဟုတ်ဘဲ များစွာသော ရင်းနှီးမြှုပ်နှံမှုများ၊ လူအင်အား နှင့် ရိုးရာနည်းပညာများ ပေါင်းစပ်ထားသော လုပ်ငန်းကြီးများပင်ဖြစ်ကြသည်။ ထိုသို့ကွဲပြားခြားနားမှုသည် အင်းများ၏ ဂေဟစနစ်၊ ငါးဖမ်းဆီးမှုပုံစံများနှင့် ဆက်စပ်နေသည်။

## ၁.၁။ အင်းများကွဲပြားခြားနားမှုဆိုင်ရာအချက်များ

ကွဲပြားခြားခြင်းအနေဖြင့် အင်းများကို  လုပ်ငန်းဆောင်ရွက်မှုနှင့် ငါးဖမ်းကိရိယာအသုံးပြုမှုအပေါ် အခြေခံထားပြီး ရေပြင်ကျယ်၍ ရေနက်သည့်အင်းများတွင် ဘဝန်းခြုံချနည်းဖြင့်လည်းကောင်း၊ ဆွဲပိုက်ဖြင့်ဆွဲ၍လည်းကောင်း ဖမ်းဆီးကြပြီး အချို့သောအင်းများတွင် မြင်းဝန်းဆည်၊ လျှောဆည်၊ အကယ်ဆည်၊ ကျားပိုက်၊ မြုံးများဖြင့်လည်း ငါးများကို ဖမ်းဆီးခဲ့ကြသည်။ အင်းများ၏ ဂေဟာစနစ်သည် ရာသီဥတုပေါ်မူတည်နေပြီး ရေစီးဆင်းမှု အားကောင်းလာပါက ငါးများအတွက် အစာရရှိမှုလည်း ပိုမိုမြင့်တက်လာနိုင်ပါသည်။

## ၁.၂။ ငါးဖမ်းနည်းစနစ်နှင့်  ကိရိယာများအသုံးပြုမှု ကွဲပြားခြားနားချက်

အင်းများ၏ ကွဲပြားခြားနားခြင်းနှင့်အတူ ငါးဖမ်းနည်းစနစ်နှင့် ကိရိယာများအသုံးပြုမှုမှာလည်းကွဲပြားခြားနားလျက်ရှိသည်။ ငါးဖမ်းနည်းစနစ်တစ်ခုဖြစ်သည့် ဘဝန်းခြုံချနည်းမှာ အင်းထဲတွင် သံဇကာပတ်အဝိုင်းပုံစံဖြင့် အင်းရေအောက်ခြေထိနစ်မြုပ်အောင်ချထားပြီး ငါးများရှင်သန်နေထိုင်မှု ပိုမိုအားကောင်းစေရန် ၎င်းသံဇကာအတွင်း၌ ခြုံများကိုလည်းထည့်ထားသည်။ ထိုသို့ပြုလုပ်ထားသည့် သံဇကာပတ်အတွင်းသို့ အစာမျိုးစုံထည့်ပေးသည့်နည်းစနစ်ကို အသုံးပြုခြင်းမှာလည်း ငါးများပိုမို ရရှိစေနိုင်သည်။ အင်းများတွင် အသုံးပြုသည့် အစာအိတ်တန်ဖိုးမှာ အခြေခံအစာအိတ်တစ်အိတ်လျှင် ကျပ် (၁၅၀၀၀) ခန့်ကုန်ကျလျှက်ရှိပြီး ရေပြင်ကျယ်အင်းများတွင် တစ်နေ့တာ အစာကုန်ကျမှုနှုန်းမှာ အစာအိတ် (၁၀)အိတ်ဝန်းကျင်ခန့်ရှိကြောင်း အင်းလုပ်ငန်းရှင်များထံမှသိရသည်။ အချို့အင်းများတွင် လျှောဆည်၊ အကယ်ဆည်၊ မြင်းဝန်းဆည်၊ ပိုက်ချခြင်း၊ ကျားပိုက်ချခြင်း နှင့်  မြုံးထောင်ခြင်း စသည့် ငါးဖမ်းနည်းစနစ်များကို အသုံးပြုကြသည်။ တခါတရံ ငါးကြီးများဖမ်းဆီးရန်အတွက် ဆီလီကွန်ငါးမျှားတံများကို အသုံးပြုလေ့ရှိကြပြီး ၎င်းငါးမျှားတံမှာ တစ်ချောင်းလျှင် ကျပ်(၁)သိန်းကျော်ဝန်းကျင်ရှိကြောင်းဒေသခံများထံမှသိရှိခဲ့ရသည်။



## ၁.၃။ စီမံခန့်ခွဲခြင်းနှင့် အငှားချထားခြင်းကွဲပြားမှု

ကုန်းတွင်းရေချိုငါးလုပ်ငန်းတွင် အဓိကအားဖြင့် အင်းများကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရပါသည်။

### ၁.၃.၁။ အငှားချအင်း (Leasable Fisheries)

၎င်းအင်းအမျိုးအစားသည် အစိုးရမှ လုပ်ငန်းရှင်များကို နှစ်စဉ် သို့မဟုတ် သတ်မှတ်ထားသော နှစ်ကာလတိုအတွက် လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ချထားပေးသည့် အင်းများဖြစ်သည်။ အင်းလုပ်ငန်းရှင်များ သည် သတ်မှတ်ကာလ၌ အင်းအတွင်းရှိ ငါးသယံဇာတများကို အပြည့်အဝ အကျိုးအမြတ်ရယူခွင့်ရှိပြီး အင်းငှားရမ်းခကို နှစ်စဉ်လေလံအောင်သည့် ဈေးနှုန်းဖြင့် ပေးဆောင်ကြရသည်။

### ၁.၃.၂။ ကြေးတိုင်အင်း (Long-term Lease Fisheries)

၎င်းအင်းအမျိုးအစားမှာ အစိုးရမှ အများအားဖြင့် (၉)နှစ်အထိ နှစ်ရှည်ဂရန်ဖြင့် ငှားရမ်းခွင့်ချထားပေးပြီး နှစ်ရှည်လုပ်ကိုင်ခွင့် ရရှိသည့် လုပ်ငန်းရှင်များသည် အင်း၏ ဂေဟစနစ်ကို ရေရှည်တည်တံ့နိုင်ရန် ထိန်းသိမ်းခြင်း၊ ငါးမျိုးစိတ်စိုက်ထည့်ခြင်းနှင့် အင်းပြုပြင်ခြင်းလုပ်ငန်းများ ကိုလုပ်ဆောင်ကြရသည်။ "ကြေးတိုင်" ဟူသော ဝေါဟာရမှာ မြေခွန်တော်နှုန်းထား သတ်မှတ်ခြင်းနှင့် သက်ဆိုင်ပြီး၊ နှစ်ရှည်လုပ်ကိုင်ခွင့်အတွက် တည်ငြိမ်သော အခွန်နှုန်းထားတစ်ခုကို ကိုယ်စားပြုပါသည်။

### ၁.၃.၃။ ဘုံငါးဖမ်းကွင်း (Open Fisheries)

ဘုံငါးဖမ်းခွင့်နေရာများမှာ အများပြည်သူ ငါးဖမ်းဆီးနိုင်ရန် သတ်မှတ်ပေးထားပြီး မည်သူမဆို ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ငါးဖမ်းကိရိယာများအတွက် လိုင်စင်ရယူပြီး ငါးဖမ်းဆီးခွင့်ရှိကြသည်။ ၎င်းဘုံငါးဖမ်းကွင်းသည် အင်းများကဲ့သို့ သီးသန့်လုပ်ကိုင်ခွင့် မရှိဘဲအများပြည်သူ အကျိုးစီးပွားအတွက် ဖွင့်လှစ်ပေးထားခြင်း ဖြစ်သည်။

### ၁.၃.၄။ ဘေးမဲ့အင်း (Reserved Fisheries)

၎င်းအင်းအမျိုးအစားမှာ ငါးမျိုးစိတ်များ ထိန်းသိမ်းရန်၊ မျိုးပွားနိုင်ရန် နှင့် ငါးသယံဇာတ မပြုန်းတီးစေရန်အတွက် ငါးဖမ်းဆီးခွင့်ကို လုံးဝပိတ်ပင်ထားခြင်း သို့မဟုတ် အချိန်ကာလတစ်ခုအထိ ကန့်သတ်ထားသည့် အင်းများဖြစ်သည်။ ငါးလုပ်ငန်းဦးစီးဌာနမှ တိုက်ရိုက်စီမံခန့်ခွဲပြီး သုတေသနပြုလုပ်ရန်နှင့် ငါးမျိုးစိတ်များ ထိန်းသိမ်းရန် အတွက်ရည်ရွယ်ပါသည်။




## ၁.၄။ ရေမြေအနေအထား၊ ဂေဟစနစ်ကွဲပြားမှု

ရေမြေအနေအထားနှင့် ဂေဟစနစ်ပေါ်မူတည်၍ အင်းများသည် အမျိုးအစား ကွဲပြားလျက်ရှိသည်။ ၎င်းတို့မှာ -

### ၁.၄.၁။ လွင်ပြင်ရေလွှမ်းအင်းများ (Floodplain Fisheries)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ မြစ်ရေလျှံတက်သည့် လွင်ပြင်ဒေသများတွင် တွေ့ရှိရပြီး မိုးရာသီကာလတွင် ငါးများသည် သဘာဝအတိုင်း အင်းများအတွင်းသို့ ဝင်ရောက်မျိုးပွားကြသည်။ ထို့နောက်ရေကျချိန်တွင် ယင်းငါးများကို ပိတ်ဆို့ဖမ်းဆီးကြပြီး ၎င်းအင်းအမျိုးအစားများသည် ရေချိုငါးထုတ်လုပ်မှုတွင် အဓိကနေရာမှပါဝင်နေသည်။

### ၁.၄.၂။ အင်းအိုင်များ (Lake Fisheries)

အင်းလေးကန်၊ အင်းတော်ကြီး၊ ပလိပ်အင်း၊ တောင်သမန်အင်း ကဲ့သို့သော သဘာဝအင်းအိုင်ကြီးများတွင် လုပ်ကိုင်သည့် အင်းလုပ်ငန်းအမျိုးအစားဖြစ်သည်။ အဆိုပါအင်းအိုင်များသည် ရေပြင်ကျယ်ပြန့်ကာ ရေနက်သည့်အတွက် ငါးဖမ်းနည်းစနစ်များမှာလည်း လွင်ပြင်အင်းများနှင့် ကွဲပြားပြီး ဒေသရင်းငါးမျိုးစိတ်များ ပေါများ၍ ရေပေါ်စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းများ နှင့်လည်း ဆက်စပ်လျက်ရှိသည်။

### ၁.၄.၃။ ဆည်နှင့် ရေလှောင်တမံအင်းများ (Reservoir Fisheries)

လူတို့ဖန်တီးထားသော ဆည်နှင့် ရေလှောင်တမံများတွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပြီး ထိုအင်းများတွင် ငါးလုပ်ငန်းဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ငါးမျိုးစိုက်ထည့်ပေးကာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အတိုင်း ငါးဖမ်းလုပ်ကိုင်ကြသည်။




## ၁.၅။ အင်းလုပ်ငန်းအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှု

ငဝန်မြစ်ဝှမ်းဒေသရှိ အင်းလုပ်ငန်းများသည် ရိုးရာအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှုအပေါ် အခြေခံထားသည့် လုပ်ငန်းကြီးများဖြစ်ကြသည်။ ၎င်းအင်းများတွင် ဝါးဖြင့်ပြုလုပ်ထားသည့် ရင်း (၇၀၀)ခန့်ကာရံကာ ဒေသခံများစုပေါင်းလုပ်ကိုင်ကြရကြောင်း ကော့ချဲ့ကြီး/ကောသလအင်းမှ လုပ်ငန်းရှင်တစ်ဦးမှပြောသည်။ အဆိုပါ စုပေါင်းလုပ်ကိုင်ခြင်းကိုကြည့်ခြင်းအားဖြင့် အင်းတစ်ခုသည် တသီးပုဂ္ဂလလုပ်ငန်းမျိုး မဟုတ်ဘဲ ဒေသခံအသိုင်းအဝိုင်းတစ်ခုလုံး၏ စားဝတ်နေရေးနှင့် ဆက်စပ်နေကြောင်း ပြသနေသည်။ အင်းလုပ်ငန်းလည်ပတ်မှုသည် ရာသီဥတုနှင့် ငါးများ၏ သဘာဝအပေါ် မှီခိုနေရပြီး တော်သလင်းလမှ တန်ခူးလအထိ ငါးဖမ်းခြင်းကို လုပ်ကိုင်ကြသည်။




## ၁.၆။ ဒေသခံများ ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုများ

### ၁.၆.၁။ မူဝါဒ၏ တိုက်ရိုက်သက်ရောက်မှု (အခွန်နှင့်ပတ်သက်သည့်အင်းပြဿနာ)

အင်းလုပ်ငန်းရှင်များအတွက် အကြီးမားဆုံး စိန်ခေါ်မှုမှာ အင်းများတိမ်ကောလာခြင်း ဖြစ်ပြီး၎င်းပြဿနာများကို ဖြေရှင်းရန် အဓိကကျသည့် အတားအဆီးမှာ မူဝါဒပင်ဖြစ်သည်။ အဆိုပါမူဝါဒနှင့်ပတ်သက်၍ လုပ်ငန်းရှင်များသည် ရေရှည်အတွက် အကျိုးမရှိမှန်း သိသော်လည်း ကုန်ကျစရိတ်ပိုသက်သာသည့် လမ်းကိုရွေးချယ်နေကြရသည်။ ၎င်းအခြေအနေသည် ရေရှည်တွင် အင်းများ၏ ဂေဟာစနစ်ကို လုံးဝပျက်စီးစေနိုင်သည့် အန္တရာယ်ရှိနေကြောင်း ဒေသခံတို့၏ အသံများက သက်သေပြသလျက်ရှိသည်။

"အင်းတွေက တိမ်ကောလာတော့ ဘက်ဟိုးနဲ့ ပြန်တူးဖို့လိုတယ်။ ဒါပေမဲ့ အင်းပြင်ရင် အခွန် ၃၀ ရာခိုင်နှုန်း ပေးရမှာစိုးလို့ ဘယ်သူမှ မလုပ်ရဲဘူး။ ငါးမျိုးစိုက်ထည့်တာက အင်းပြင်တာထက် ကုန်ကျစရိတ် ပိုနည်းတော့ အဲဒါပဲ လုပ်ဖြစ်တော့တယ်"

(ဒေသခံအင်းလုပ်ငန်းရှင်တစ်ဦး)

### ၁.၆.၂။ စီးပွားရေးဖိအား (ကုန်ကျစရိတ်မှာ အင်းလေလံခထက်ပိုများခြင်း)

အင်းလုပ်ငန်း လုပ်ကိုင်ရန် ကုန်ကျစရိတ်မှာ နှစ်စဉ် အဆမတန် မြင့်တက်လျက်ရှိပြီး အင်းလုပ်ငန်းနှင့် ဆက်စပ်သည့်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လာမှုသည် အဓိကဖိအားတစ်ရပ်ဖြစ်လာသည်။ ၎င်းအခြေအနေတွင် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေကြီးကာ တစ်နှစ်ပတ်လုံး အရှုံးပေါ်နိုင်သည့် အန္တရာယ်ကိုလည်း အင်းလုပ်ငန်းရှင်တို့ ရင်ဆိုင်နေကြရသည်။

"အရင်က လုပ်ငန်းစစချင်း ၃ သိန်းပဲ ကုန်ကျပေမဲ့ အခုဆို သိန်း ၁၂၀ ကနေ ၂၀၀ လောက်ထိ ရှိလာပြီ။ ရင်းတစ်ချပ်ကို ၄ သောင်းလောက် ရှိလာတော့ အင်းငှားခထက်တောင် ကုန်ကျစရိတ်က ပိုများနေပြီ”

(ဒေသခံအင်းလုပ်ငန်းရှင်တစ်ဦး)

### ၁.၆.၃။ ပတ်ဝန်းကျင်ပြောင်းလဲခြင်း

ဒေသခံများသည် ၎င်းတို့၏ အင်းများတွင် ဖြစ်ပေါ်နေသော ဂေဟစနစ်ပြောင်းလဲမှုကို ကိုယ်တိုင်ကြုံတွေ့ ခံစားနေကြရသည်။ အင်းများတိမ်ကောလာခြင်း၊ ငါးမျိုးစိတ်များ ရှားပါးလာခြင်း၊ ဂေဟစနစ်ပြောင်းလဲခြင်းကြောင့် ယခင်က မရှိခဲ့သည့် စုပ်ခွက်ငါးကဲ့သို့ ငါးမျိုးစိတ်အသစ်များ ကျူးကျော်ဝင်ရောက်လာသည်ကို တွေ့ရကြောင်း ဒေသခံများကဆိုသည်။

"အင်းက ကောလာတယ်။ အရင်က အလွန်နက်တဲ့ အိုင်ကြီးတွေတောင် အခုမရှိတော့ဘူး။ အရင်က အများကြီးရတဲ့ ငါးဖယ်၊ ငါးဘတ်၊ ငါးရျောင်းလို ငါးတွေဆို အခု ရှားသွားပြီ။ ငါးရျောင်းဆို လုံးဝမတွေ့ရတော့ဘူး။ အရင်ကမရှိတဲ့ ငါးစုပ်ခွက် ဆိုတာကို လွန်ခဲ့တဲ့ ၄-၅ နှစ်လောက်ကစပြီး တွေ့လာရတယ်"

(ဒေသခံအင်းလုပ်ငန်းရှင်တစ်ဦး)



## ၁.၇။ သုံးသပ်ချက်

ဒေသခံများ၏ ပြောစကားများသည် ဝေန်မြစ်ဝှမ်းဒေသရှိ အင်းလုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာ၏ အရင်းအမြစ်ကို ရှင်းလင်းစွာ ဖော်ပြနေသည်။ ထို့အပြင် တိမ်ကောလာသည့် အင်းများကို ပြန်လည်ထိန်းသိမ်းရန် လိုအပ်သော်လည်း လက်တွေ့မကျသော အခွန်မူဝါဒမှ တားဆီးလျက်ရှိသည်။ အဆိုပါ အခြေအနေကို မပြောင်းလဲနိုင်ပါက ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးပြီး နိုင်ငံ၏ အရေးပါသော ရေချိုငါးသယံဇာတအရင်းအမြစ်တစ်ခုလုံးကိုပါ ဆုံးရှုံးသွားနိုင်သည့်အရေးကို ရင်ဆိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မူဝါဒချမှတ်သူများအနေဖြင့် ဒေသခံများ၏ အသံကို နားထောင်ပြီး အင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် အထောက်အကူပြုသည့် လက်တွေ့ကျသော မူဝါဒများကို အမြန်ဆုံး ချမှတ်ပေးရန် လိုအပ်လျက်ရှိသည်။



